အခုဆို ဘာလိုလိုနဲ့ ၂၀၁၀ ကမ္ဘာ့ဖလားရဲ့ ဆီမီးဖိုင်နယ်အဆင့်ကို ရောက်လာပါပြီ။

ကွာတားဖိုင်နယ်အဆင့်ကို တောင်အမေရိက အသင်း ၄ သင်းတက်နိုင်ခဲ့ပေမယ့် အခုဆီမီးဖိုင်နယ် အဆင့်မှာတော့ ဥရုဂွေးတသင်းပဲ ကျန်ပါတော့တယ်။

ဒီညမှာလည်း တောင်အမေရိကရဲ့ တသင်းထဲသော ဥရုဂွေးနဲ့ ဥရောပက နယ်သာလန်အသင်းတို့ ဆီမီးဖိုင်နယ် ပထမပွဲအဖြစ် ကစားကြတော့မှာပါ။

ဥရုဂွေး

တောင်အမေရိကရဲ့ ဥရုဂွေးဟာ ၁၉၇၀ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၄၀ ကြာမှ အခုလို ဆီမီးဖိုင်နယ်ကို ပြန်ပြီး တက်နိုင်ခဲ့တာပါ။



အစဉ်အလာအရ ကြည့်ရင်တော့ ဥရုဂွေးက ကမ္ဘာ့ဖလား ၂ ကြိမ် ရထားပြီး၊ ဆီမီးဖိုင်နယ်ကို ၃ ကြိမ် တက်ရောက်ထားနိုင်တာမို့ ဥရုဂွေးက သာပါတယ်။

ဒီ ၂၀၁၀ မှာ ဥရုဂွေးကစားခဲ့သမျှ ပြန်ကြည့်ရင်တော့ ကွာတားအထိ (ပင်နယ်တီမပါ) သွင်းဂိုးက ၇ ဂိုး၊ ပေးဂိုးကျ (ပယ်နယ်တီမပါ) ၃ ဂိုး ရှိပါတယ်။ ဂိုးအများဆုံး သွင်းခဲ့တာက တောင်အာဖရိကကို ၃ ဂိုး သွင်းယူခဲ့တာပါ။

ကစားဟန်ကတော့ ခံစစ်ဦးစားပေးပြီး၊ တန်ပြန်တိုက်စစ်တွေကနေ ဂိုးသွင်းယူလေ့ ရှိပါတယ်။ ဒီပွဲမှာ အားထားရတဲ့ တိုက်စစ်မှူး ဆွာရက် ပွဲပယ်ခံထားရတာကြောင့် မပါနိုင်တာက ဥရုဂွေးတိုက်စစ်ကို အားနည်းစေပါတယ်။

ဥရုဂွေးတို့ ၄ - ၃ - ၃ နဲ့ပဲ ပွဲထွက်လာပြီး ခံစစ်ကိုပဲ ဦးစားပေးကစားမှာပါ။ တဖက်က တိုက်စစ်မှူးတွေ အလွန်အကျွံ တိုက်စစ်ဆင်ကစားမှာကို အခွင့်ကောင်းယူပြီး တန်ပြန်တိုက်စစ်တွေကနေ ဂိုးရဖို့ စိတ်ရှည်ရှည်နဲ့ စောင့်ကစားမှာပါ။

နယ်သာလန်

နယ်သာလန်ကို ကြည့်ရင် ဒီနှစ်ကမ္ဘာ့ဖလား ရေပန်းစားမှုမှာ ဥရုဂွေးထက် သာပါတယ်။ ဘရာဇီးကို အနိုင်ရပြီးနောက်ပိုင်း ဗိုလ်လုပွဲတက်မယ့် အသင်းအဖြစ် ပိုပြီး ရေပန်းစားလာတာ တွေ့ရပါတယ်။


TO RAC
FIFA